မဲမသမာမှုဟုသော စွပ်စွဲချက်များ ပေါ်ထွက်နေဆဲ

သတင်းရင်းမြစ် > ကိုဝိုင်း
တနင်္လာနေ့၊ နိုဝင်ဘာလ ၁၅ ရက် ၂၀၁၀ ခုနှစ် ၂၀ နာရီ ၅၈ မိနစ်

ချင်းမိုင် (မဇ္ဈိမ) ။ □□□□။ ရွေးကောက်ပွဲ မဲစာရင်းများကို ကော်မရှင်က အပိုင်းလိုက် ထုတ်ပြန်နေစဉ် ရွေးကောက်ပွဲဝင်ခဲ့သည့် ပါတီများကလည်း မဲမသမာမှုများနှင့်ပတ်သက်ပြီး စာတင်ခြင်း ထုတ်ဖော်ပြောဆိုခြင်းများ ဆက်တိုက်ပြုလုပ်နေသည်။

မြို့နယ်အလိုက် အောက်ခြေမှ တိုင်ကြားမှုများကိုလည်း စိစစ်နေပြီး ထုတ်ပြန်သွားရန် စီစဉ်နေသည့် ပါတီများလည်း ရှိနေသည်။ ငွေ ၁၀ သိန်း အကုန်ကျမခံနိုင်ခြင်းနှင့် အမှုနိုင်ရန် မသေချာခြင်းတို့ကြောင့် တရားစွဲဆိုရန် အဆင့်သို့ မတက်လှမ်းကြသေးသည်ကို တွေ့ရသည်။

ဒီမိုကရက်တစ်ပါတီ (မြန်မာ) DP (M) ကမူ စာတင်ခြင်း၊ တောင်းဆိုခြင်းဖြင့် ရွေးကောက်ပွဲ ရလဒ်ကို ပြုပြင်ပြောင်းလဲရန် ဖြစ်နိုင်မည် မဟုတ်သော်လည်း မြို့နယ်အသီးသီးမှ အမတ်လောင်းများ ရန်ကုန်ရုံးချုပ်တွင် စုဝေးဆွေးနွေးပြီး မဲမသမာမှုများကို သတင်းစာရှင်းပွဲဖြင့် မကြာမီ လူထုသိစေရန် ဖော်ထုတ်သွားမည်ဟု ဆိုသည်။

"ဒီလောက်နဲ့ ပြုပြင်ပြောင်းလဲမှာ မဟုတ်ဘူး။ တရားစွဲလည်းပဲ သူတို့မှာ အကြောင်းပြချက်တွေက ရှိပြီးသားပဲ။ နောက်ပြီးတော့လည်း တရားစွဲဖို့က ၁၀ သိန်း တင်ရမယ်။ အဲဒါမျိုး။ အမှန်ကတော့ တရားမစွဲအောင်ပေါ့ဗျာ။ တခါထဲ ပိတ်ထားလိုက်တာပေါ့ဗျာ" ဟု DP (M) ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။

ရွေးကောက်ပွဲ နည်းဥပဒေ ၉၀ အရမူ ကန့်ကွက်လွှာ တင်သူတိုင်းသည် နိုင်ငံတော်က ကုန်ကျမည့် "အမှုစရိတ်" အတွက် ငွေ ၁၀ သိန်းစီ ပေးသွင်းရမည်ဖြစ်ကြောင်းနှင့် မည်သည့် အကြောင်းကြောင့်မျှ ပြန်ထုတ်ယူခွင့် မရှိကြောင်း ဖော်ပြထားသည်။

ဒီမိုကရက်ပါတီက လွှတ်တော် ၃ ရပ်လုံးအတွက် စုစုပေါင်း ၄၇ ဦး ဝင်ပြိုင်သော်လည်း ရန်ကုန်တိုင်း ဒေသကြီး ၂ ဦးနှင့် မန္တလေးတိုင်း ဒေသကြီး ၁ ဦးသာ အနိုင်ရသည်။

ထို့အတူ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ပြည်သူ့လွှတ်တော်အတွက် ဝင်ပြိုင်သူ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးဘိုမောင်းကလည်း ဒီပဲယင်းမြို့နယ်အတွင်း ကြံ့ဖွံ့ပါတီက ကြိုတင်မဲလိမ်ခြင်း၊ မဲဆန္ဒရှင်၏ ကိုယ်ရေးအကျဉ်း ပုံစံစာရွက်ဖြင့် မဲဆွယ်ခြင်းတို့ ကျူးလွန်ခဲ့ပြီး၊ သေဆုံးသူများ၏ အမည်များဖြင့်လည်း ကော်မရှင်က မဲထည့်ခဲ့သဖြင့် မနက်ဖြန်တွင် မြို့နယ်နှင့် မယကသို့ စာတင်မည်ဟု ဆိုသည်။

"လွန်ခဲ့တဲ့ ၁၅ နှစ်က သေတဲ့ လူက ဦးလှလှနဲ့ ဒေါ်သောင်းရ ၂ ယောက် ရှိတယ်။ အဲဒီနှစ်ယောက်ကို စာရေးကနေ မဲစာရင်းထဲ ထည့်ပြီး မဲပေးထားတာ။ ပေါင်းတောင်ကူ ရယကစာရေးပေါ့။ သူက ပေါင်းတော်ကူ ကော်မရှင် အတွင်းရေးမှူးပေါ့။ မဲစာရင်းတွေ ပြုစုတာက ရယက စာရေးတွေက" ဟု သူက ပြောသည်။

ကြိုတင်မဲများကိုလည်း နည်းဥပဒေ အခန်း ၁၂ အရ□လွှတ်တော် ကိုယ်စားလှယ်လောင်းများကို ကြည့်ရှုနိုင်ရန် အခွင့်အရေး ပေးရမည်ဟု ဖွင့်ဆိုထားသော်လည်း ၎င်းအား ခေါ်ယူခြင်းမရှိဟုလည်း ဆိုသည်။

"အရေးယူပေးဖို့ တိုင်တာပေါ့။ အမှုဖွင့်တာတော့ မဟုတ်ဘူးပေါ့။ အမှုသတ်သတ်ဖွင့်ရင် ရတယ်။ ဒါပေမဲ့ ၁၀ သိန်း သွင်းရမှာ။ အဲဒီ ၁၀ သိန်းကို မတတ်နိုင်ဘူးခင်ဗျ" ဟု သူက ပြောသည်။ အမှုဖွင့် တိုင်ကြားလျှင်မူ မြို့နယ်ကော်မရှင်နှင့် ကျေးရွာကော်မရှင်တို့ကို တရားစွဲဆိုရမည်ဟု ဆိုသည်။

မဲမသမာမှုများကို အရေးယူဆောင်ရွက်ရန်မှာ အမှုဖွင့် တိုင်ကြားမှသာလျှင် ဖြစ်နိုင်မည့်အလား အလာရှိနေပြီး ပါတီများကလည်း တဦးလျှင် ငွေ ၁၀ သိန်း အကုန်ခံပြီး စွန့်စားရန် လက်တွန့်နေကြခြင်းဖြစ်ကြောင်း UDP ပါတီ အတွင်းရေးမှူး ဦးသိန်းတင်အောင်က ပြောသည်။

ရွေးကောက်ပွဲ သုံးသပ်ချက်သာ ထုတ်ပြန်မည်ဖြစ်ပြီး မဲမသမာမှုများနှင့်ပတ်သက်၍မူ စာတင်ခြင်း၊ တရားစွဲခြင်း ပြုမည်မဟုတ်ကြောင်း ပြောသည်။